ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၃၉ /၂၀၁၆)

| | |
|---|---|
| ဦးကျော်စိန် (ပိုင်ရှင်)<br>ကံကောင်းခြင်းရတနာသစ်အချောထည်စက်ရုံ၊<br>စဥ့်ကိုင်မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးဝင်းသန့်(အဆိုင်းခေါင်းဆောင်)<br>ကံကောင်းခြင်းရတနာသစ်အချောထည်စက်ရုံ၊<br>စဥ့်ကိုင်မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန် လ ၁၃ ရက်

ဆုံးဖြတ်ချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ ကံကောင်းခြင်းရတနာသစ်အချောထည်စက်ရုံ ပိုင်ရှင် ဦးကျော်စိန်နှင့် အလုပ်သမား ဦးဝင်းသန့်တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို စဥ့်ကိုင်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှု မရရှိသဖြင့် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၆/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊မေ လ ၁၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ပယ်သည်ကို လက်မခံနိုင်သဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ် သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ကော်ကပ်ဌာနအဆိုင်းခေါင်းဆောင် ဦးဝင်းသန့်မှ အလုပ်မှရပ်စဲခြင်းကို လက်မခံနိုင်သဖြင့် အလုပ်ပြန်လည် ခန့်ထားပေးရန် တောင်းဆိုခြင်း။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အဆိုင်းခေါင်းဆောင် ဦးဝင်းသန့်အား မူလရာထူးနေရာတွင် အလုပ်ပြန်လည်ခန့်ထားပေးရန်။ (ကြားကာလနစ်နာကြေးပေးရန်မလို)

၅။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၆/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ကံကောင်းခြင်းရတနာသစ်အရောထည်စက်ရုံ ပိုင်ရှင် ဦးကျော်စိန်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၃၉/၂၀၁၆)အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရကိုယ်စားလှယ်ဥက္ကဋ္ဌ ဦးအေးငွေ၊ အလုပ်ရှင်ကိုယ်စားလှယ် အဖွဲ့ဝင် ဦးထွန်းအောင်နှင့် အလုပ်သမားကိုယ်စားလှယ် အဖွဲ့ဝင် ဦးရဲနိုင်ဝင်းတို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုကို စတင်ဖျန်ဖြေညှိနှိုင်းပေးခဲ့သည့် စဉ့်ကိုင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်အငြင်းပွားသူ အလုပ်ရှင်/အလုပ်သမားတို့၏ ထွက်ဆိုချက်များ၊ သက်သေများ၏ ထွက်ဆိုချက်များကို လေ့လာရာတွင် ပြည့်စုံကြောင်းတွေ့ရှိရသည့်အတွက် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး နည်းဥပဒေ အပိုဒ်-၂၃(က)ပါ သတ်မှတ်ချက်နှင့်

အညီ သက်ဆိုင်ရာ အငြင်းပွားသူများကို ခုံအဖွဲ့ရှေ့မှောက်သို့ ထပ်မံခေါ်ယူ စစ်ဆေးကြားနာခြင်း မပြုတော့ဘဲ အောက်ပါကောက်ချက်အမှတ်(၁)ကို ရေးဆွဲချမှတ် ဆုံးဖြတ်လိုက်ပေသည်-

ကောက်ချက်အမှတ်(၁)။ ကော်ကပ်ဌာနအဆိုင်းခေါင်းဆောင် ဦးဝင်းသန့်မှ အလုပ်မှရပ်စဲခြင်းကို လက်မခံနိုင်၍ အလုပ်ပြန်လည် ခန့်ထားပေးရန် တောင်းဆိုသဖြင့် အလုပ်ပြန်ခန့်ရန် သင့်/မသင့်။

<u>လေ့လာတွေ့ရှိချက်</u>

၇။ အငြင်းပွားသည့် လုပ်ငန်းမှာ အထပ်သားစက်ရုံဖြစ်ပြီး၊ အငြင်းပွားမှုဖြစ်ပွားရခြင်းမှာ အထပ်သားကော်ကပ်သည့် ဌာန၏ ဌာနခေါင်းဆောင်ဖြစ်သူ ဦးဝင်းသန့်နှင့် အလုပ်ရှင်တို့အကြား ကုန်ကြမ်းပစ္စည်း သုံးစွဲမှုနှင့် စပ်လျဉ်း၍ မပြေမလည်ဖြစ်ကြရာမှ စတင်ခဲ့ခြင်းဖြစ်ပေသည်။

၈။ ကော်ကပ်ဌာနခေါင်းဆောင်ဖြစ်သူ ဦးဝင်းသန့်က အထပ်သားကော်ကပ်ရာတွင် အတွင်းသား၌ အသုံးပြုရမည့် အလွှာသားအမျိုးအစားကို မှန်ကန်စွာအသုံးမပြုသည့်အတွက်ဟုဆိုကာ ယခင် သတိပေးခြင်းခံခဲ့ရဖူးသည့်အကြိမ်များကို ထည့်သွင်းဖော်ပြလျှက် ဦးဝင်းသန့်ကို အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ပေသည်။

၉။ ထိုကိစ္စနှင့်စပ်လျဉ်း၍ အလုပ်ရှင်က စွပ်စွဲဖော်ပြထားသည့်အချက်မှာ (၂၈-၃-၂၀၁၆) ရက်နေ့တွင် တန်ဖိုးနည်းပစ္စည်းများကို အသုံးပြုရမည့်နေရာတွင် တန်ဖိုးမြင့်ပစ္စည်းများကို သုံးစွဲခဲ့ခြင်းကြောင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ ကြီးလေးသောပြစ်ဒဏ် အပိုဒ်(၂) စက်ရုံလုပ်ငန်းပိုင်ပစ္စည်းတစ်ခုခုကို တမင်သက်သက်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ဆုံးရှုံးစေခြင်း ပြစ်ဒဏ်ကို ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အလုပ်မှရပ်စဲရခြင်းဖြစ်ပါသည်ဟု ဖော်ပြထားပေသည်။

၁၀။ အလုပ်သမားဖြစ်သူ ဦးဝင်းသန့်ကလည်း မိမိသည် အလုပ်စည်းကမ်းနှင့် ပတ်သက်၍ ပထမဆုံးအကြိမ်အဖြစ် ၂၀၁၄ ခုနှစ်တွင် ဝန်ခံလက်မှတ်ရေးထိုးထားရသည့်ကိစ္စမှာ (၉-၁၂-

၂၀၁၄)ရက်နေ့ လုပ်ငန်းတာဝန်ချိန်အတွင်း အထက်အဆင့်ဆင့်ကြီးကြပ်သူအား ရိုင်းပြစွာပြုမူ ပြောဆိုသည့်အတွက်ဟုဆိုကာ သတိပေးစာကို လက်မှတ်ရေးထိုးခဲ့ရခြင်းဖြစ်ပါသည်။

၁၁။ ဒုတိယအကြိမ်မှာ (၂၆-၃-၂၀၁၅) ရက်နေ့တွင် မမောင်းနှင်ရန် တားမြစ်ထားသည့် Forklift ကားကို မောင်းနှင်ခဲ့ရာ၌ အထပ်သားပုံကို ဝင်တိုက်မိ၍ အထပ်သား (၁၉)ချပ် ပျက်စီးရသဖြင့် အလုပ်သမား ဦးဝင်းသန့်က ဒုတိယအကြိမ် လက်မှတ်ရေးထိုးခဲ့ရပြီး ပုံစံပေါ်တွင် တတိယအကြိမ်ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၁၂။ နောက်ဆုံးအကြိမ်မှာ (၂၂-၂-၂၀၁၆) ရက်နေ့တွင် ကော်ထိုးအဖြစ် အသုံးပြုရမည့်ပစ္စည်းများကို အသုံးမပြုဘဲ တန်းဖိုးမြင့် ပစ္စည်းများကို အသုံးပြုသည်ဟုဆိုကာ ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ရခြင်းဖြစ်ပါသည်။ ထိုလက်မှတ်ရေးထိုးခဲ့သည့် ဝန်ခံကတိတွင် ဖော်ပြပါရှိသည့် နောက်ဆုံးစာသားမှာ "သို့ဖြစ်ပါ၍ စက်ရုံမှ ချမှတ်ထားသော ညွှန်ကြားချက်စည်းမျဉ်းစည်းကမ်းများကို နောက်တဖန် ထပ်မံ၍ နောက်ဆုံးအကြိမ် ပျက်ကွက်/ ကျူးလွန်ဖောက်ဖျက်မိပါက မိမိသဘောဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ပါမည် "ဟု ဝန်ခံကတိလက်မှတ်ရေးထိုးဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

<u>သုံးသပ်ချက်</u>

၁၃။ ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင်၏ အားနည်းချက်မှာ ဦးဝင်းသန့်ကို သတိပေးစာလက်မှတ်ရေးထိုးခိုင်းရာ၌ ပထမအကြိမ် Warning ပြီးနောက် ဒုတိယအကြိမ် Warning မရှိဘဲ တတိယအကြိမ် Warning လက်မှတ်ရေးထိုးခဲ့ရာတွင် နောက်ဆုံးအကြိမ်ဟူ၍ဖော်ပြပါရှိပြီး (၂၂-၂-၂၀၁၆) ရက်နေ့ ခံဝန်ကတိပြုလုပ်ခြင်းဟူသည့် အကြောင်း အရာပါ Warning တွင်လည်း နောက်ဆုံးအကြိမ် Warning ဆိုသော်လည်း ထိုစာတွင် "ထပ်မံ၍နောက်ဆုံးအကြိမ်ပျက်ကွက်/ကျူးလွန်ဖောက်ဖျက်ခဲ့မိပါက မိမိသဘောအလျောက် အလုပ်မှ နုတ်ထွက်ပါမည်ဟု ခံဝန်ကတိလက်မှတ်ရေးထိုးအပ်ပါသည်" ဟူ၍ ဖော်ပြထားရာ ထိုဝန်ခံချက်များအရ အလုပ်မှထုတ်ပယ်သည်ဆိုက မမှန်ကန်ပါ။ အကြောင်းမှာ အထက်ဖော်ပြပါအကြောင်းကြောင့် ပင်ဖြစ်ပါသည်။

၁၄။ တဖန် အလုပ်သမားဖြစ်သူ၏ လုပ်ငန်း ဆောင်ရွက်မှုပိုင်း အားနည်းချက်နှင့် ဆက်ဆံရေး ပိုင်းအားနည်းချက်များကိုလည်း တွေ့မြင်ရပါသည်။ ၎င်းကိုယ်တိုင်ကလည်း ဝန်ခံထားချက် ရှိသည်ကို တွေ့ရှိရပါသည်။

၁၅။ ဦးဝင်းသန့်သည် ဤစက်ရုံ၌ လုပ်ကိုင်လာခဲ့သည်မှာ လုပ်သက် (၁၁)နှစ်မျှရှိပြီဖြစ်၍ လူဟောင်းတစ်ယောက်လည်းဖြစ်ပါသည်။ ဤမျှလုပ်သက်ရှိပြီးသူကို အလုပ်မှထုတ်ပယ်ခံရခြင်း မှာလည်း အလုပ်သမား တစ်ဦးအဖို့ လူမှုရေးအရ များစွာနစ်နာရပါသည်။ တစ်ဖက်မှာလည်း အလုပ်ရှင်၏ စီမံခန့်ခွဲရေးအရ လုပ်ပိုင်ခွင့်ကိုလည်း ထည့်သွင်းစဉ်းစားရပါသည်။

၁၆။ ခုံသမာဓိကောင်စီသည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်မျှတမှုရှိစေရန် ပြဋ္ဌာန်းထား သည့် ဥပဒေအရ မိမိအားအပ်နှင်းထားသည့် တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်ဘောင်အတွင်း လွတ်လပ်ပြီး ဘက်လိုက်မှုကင်းရှင်းစွာ ဆုံးဖြတ်ပေးရန် တာဝန်ရှိသည်သာဖြစ်ပါသည်။ အထက် ပါ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များအရ ၁၁-၅-၂၀၁၆ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ သော မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၆/၂၀၁၆)၏ ဆုံးဖြတ်ချက် အမှတ်(၁)ကို ပြင်ဆင်၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ အလုပ်ရှင်သည် ကော်ကပ်ဌာနခေါင်းဆောင်အဖြစ် လုပ်ကိုင်ခဲ့သည့် ဦးဝင်းသန့်အား တစ်ဆင့်နိမ့်ရာထူး အဆင့်လျှော့ချ၍ အလုပ်ပြန်လည်ခန့်ထားရမည်။ အကယ်၍ အလုပ်သမားက အလုပ်ပြန်လည် ဝင်ရောက် လုပ်ကိုင်လိုခြင်းမရှိပါက အလုပ်ရှင်က ဦးဝင်းသန့်အား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၈၄/၂၀၁၅)နှင့်အညီ နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ) ဖြင့်လုပ်သက်အလိုက်ပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့် ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည့်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးအေးငွေ | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |